# ပြည်သူ့လွှတ်တော်ရုံး
## သုတေသနဌာန

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်

# မြေအောက်ရေစီမံခန့်ခွဲမှု ဥပဒေကြမ်းအားလေ့လာခြင်း

**အကျဉ်းချုပ်**

မြေအောက်ရေစီမံခန့်ခွဲမှု ဥပဒေကြမ်းသည် ၁၉၃၀ပြည့်နှစ် မြေအောက်ရေအက်ဥပဒေ The Underground Water Act (Burma Act No.IV) ကို ရုပ်သိမ်းသည့်ဥပဒေကြမ်းဖြစ်ပါသည်။ မြေအောက်ရေ တူးဖော်ခြင်းနှင့် သုံးစွဲခြင်းတို့ကို စနစ်တကျစီမံခန့်ခွဲနိုင်ရန် ဥပဒေ မူဘောင်ရေးဆွဲခြင်းဖြစ်ပါသည်။ ၎င်းဥပဒေကြမ်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ကြီးကြပ်ကွပ်ကဲ၍ ဥပဒေအရဖွဲ့စည်းမည့် ဗဟိုကော်မတီက တာဝန်ပေးအပ်သည့် ဦးစီးဌာနကို စီမံခန့်ခွဲခွင့်ပေးထားပါသည်။ ဥပဒေကြမ်း၏ရည်ရွယ်ချက်မှာ တန်ဖိုးရှိသော မြေအောက်ရေကို သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေဘဲ စနစ်တကျထုတ်ယူသုံးစွဲနိုင်ရန်အတွက် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ဥပဒေကြမ်းတွင် အခန်းပေါင်း (၁၀ ) ခန်းနှင့် ပုဒ်မပေါင်း ၄၂ ခု ပါဝင်ပါသည်။

ဤဥပဒေမူကြမ်း၏ အကောင်အထည်ဖော်ရမည့်ပြဋ္ဌာန်းချက်များအရ မြေအောက်ရေကို အိမ်သုံး၊ လုပ်ငန်းသုံး၊ စိုက်ပျိုးရေးသုံးတို့အတွက် စက်ရေတွင်းတူးဖော်လိုသူများသည် တူးဖော်ခွင့်နှင့်သုံးစွဲခွင့်ပြုမိန့်တို့ကိုရယူရန် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများသို့ လျှောက်ထားရမည်ဖြစ်ပါသည်။ စက်ရေတွင်းတူးဖော်သည့် လုပ်ငန်းဆောင်ရွက်လိုသူသည် လုပ်ငန်းလိုင်စင် လျှောက်ထားရမည်ဖြစ်သည်။ တူးဖော်ခွင့်ပြုမိန့်ရရှိပါက သတ်မှတ်ခွင့်ပြုသည့် နေရာတွင် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်တူးဖော်ရမည်ဖြစ်ပါသည်။ ဥပဒေကြမ်းအရ စက်ရေတွင်း တူးဖော်ပြီးသည့်အခါ ယင်းစက်ရေတွင်းမှရရှိသော မြေအောက်ရေကို သက်ဆိုင်ရာလုပ်ငန်းအဖွဲ့ အဆင့်၏စစ်ဆေးမှုကိုခံယူပြီး သုံးစွဲခွင့်ပြုမိန့်ရရှိရန် လျှောက်ထားရမည်ဖြစ်ပါသည်။

**စာတမ်းတို အမှတ်စဉ် (၁၂၄)**

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဥပဒေမူကြမ်းပါဖော်ပြချက်များ | ၃ |
| ၂။ | ဥပဒေမူကြမ်း၏နောက်ခံသမိုင်းနှင့် ရေးဆွဲခြင်းအဆင့်ဆင့် | ၃ |
| ၃။ | ဥပဒေပြဋ္ဌာန်းရန် လိုအပ်ရခြင်းအကြောင်းအရင်း | ၄ |
| ၄။ | မြေအောက်ရေကို အလွန်အကျွံထုတ်ယူခြင်း၏ဆိုးကျိုး | ၅ |
| ၅။ | ဥပဒေကြမ်းတွင်ပါရှိသည့် ပုဒ်မများအားလေ့လာခြင်း | ၅ |
| ၆။ | ဘဏ္ဍာရေးဆိုင်ရာအကျိုးသက်ရောက်မှုများ | ၇ |

**ဥပဒေမူကြမ်းပါဖော်ပြချက်များ**

၁။ ဥပဒေကြမ်းတွင် အစိုးရအဖွဲ့က ဗဟိုကော်မတီဖွဲ့စည်းခြင်း၊ ၎င်းဗဟိုကော်မတီက တိုင်းဒေသကြီး၊ ပြည်နယ်နှင့်မြို့နယ်အလိုက် လုပ်ငန်းအဖွဲ့များကိုဖွဲ့စည်း၍ မြေအောက်ရေ တူးဖော်ခွင့်၊ သုံးစွဲခွင့်၊ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း၊ သက်တမ်းတိုးလျှောက်ထားခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာများ အရေးယူခြင်းနှင့် အယူခံဝင်ခြင်းစသည်တို့ကို ဆောင်ရွက်နိုင်ရန်ဖော်ပြ ထားပါသည်။ ဥပဒေကြမ်း၏ စီမံခန့်ခွဲခြင်းအရ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ချိုးဖောက်ပါက သုံးလ ထက်မပိုသော ထောင်ဒဏ်၊ ငွေဒဏ်နှင့် ဒဏ်နှစ်ရပ်လုံးကိုချမှတ်နိုင်ရန် ဖော်ပြထားပါသည်။

၂။ ဥပဒေကြမ်းအရ ဗဟိုကော်မတီက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်ခွင့်ပေးထားပါသည်။ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်လုပ်ငန်းအဖွဲ့သည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အမိန့် ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခွင့်ပေးထားပါသည်။[1]

**ဥပဒေမူကြမ်း၏နောက်ခံသမိုင်းနှင့် ရေးဆွဲခြင်းအဆင့်ဆင့်**

၃။ မြေအောက်ရေစီမံခန့်ခွဲမှု ဥပဒေမူကြမ်းကို ၂၀၁၄ ခုနှစ်မှ အစပြုရေးဆွဲခဲ့ခြင်းဖြစ်သည်။ ယင်းဥပဒေမူကြမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနက (Myanmar’s underground water resources) အမည်ဖြင့် စတင်၍ (၇)ကြိမ်ပြင်ဆင် ရေးဆွဲခဲ့ပါ သည်။[2]

၄။ ၂၀၁၆ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် အဆိုပါဥပဒေမူကြမ်းကို ပြည်သူ့ လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီသို့ ဆက်လက် ရေးဆွဲနိုင်ရန် လွှဲပြောင်းပေးပို့ခဲ့ပါသည်။ ထို့ကြောင့်ကော်မတီသည် နိုင်ငံတော်အတွက် အရေး တကြီးလိုအပ်လျက်ရှိသော မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေ(မူကြမ်း)ကို ဆောက်လုပ်ရေးဝန်ကြီး

[1] မြေအောက်ရေစီမံခန့်ခွဲမှု ဥပဒေမူကြမ်းမှ ကောက်နုတ်ထားခြင်းဖြစ်ပါသည်။

[2] Law drafted to save underground water Aye Sapay Phyu 06 Apr 2018 https://www.mmtimes.com/news/law-drafted-save-underground-water.html?__cf မှရရှိပါသည်။

ဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက စတင်ရေးဆွဲခဲ့သော ဥပဒေ(မူကြမ်း)အပေါ်အခြေခံ၍ပြင်ဆင်ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။[3] ကော်မတီသည်၎င်းဥပဒေ(မူကြမ်း)အပေါ် ပြင်ဆင်ရေးဆွဲမှုပြုရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် (၆)ကြိမ်၊ ပြင်ပပညာရှင်များနှင့် (၁)ကြိမ်၊ ကော်မတီတွင်း အစည်းအဝေး(၁၄)ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီးဖြစ်ပါသည်။[4]

၅။ အဆိုပါမြေအောက်ရေစီမံခန့်ခွဲမှုဥပဒေ(မူကြမ်း)ကို ၂၀၁၉ ခုနှစ် ၊ ဒီဇင်ဘာလ ၂၀ ရက်နှင့် ၂၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် အများပြည်သူလေ့လာသိရှိ အကြံပြုနိုင်ရန် ဖော်ပြပေးခဲ့ပါသည်။[5] ယင်းဥပဒေမူကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်တွင်စတင်ဆွေးနွေးနိုင်ရန် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းခဲ့ခြင်းဖြစ်ပါသည်။

## ဥပဒေပြဋ္ဌာန်းရန် လိုအပ်ရခြင်းအကြောင်းအရင်း

၆။ ယခုအခါစက်ရေတွင်းတူးဖော်သည့်လုပ်ငန်းများနှင့် တူးဖော်လိုသူများသည် ဥပဒေမူဘောင်ဖြင့်တူးဖော်ခြင်း မဟုတ်ဘဲ နှစ်ဦးသဘောတူညီချက်ဖြင့် ဆောင်ရွက်နေခြင်း ဖြစ်သည်။ အများအားဖြင့် ကန်ထရိုက်တိုက်၊ အဆင့်မြင့်တိုက်အောက်၊ လမ်းဘေး၊ ရေမြောင်းဘေးနှင့် စက်မှုလုပ်ငန်းသုံးများအတွက် တစ်တွင်းနှင့်တစ်တွင်း ပညာရပ်ဆိုင်ရာ သတ်မှတ်ချက် အကွာအဝေးအတိုင်းတူးဖော်ခြင်း မဟုတ်ဘဲ နေရာမျိုးစုံ၊ ပုံစံမျိုးစုံဖြင့်တူးဖော်နေခြင်း ဖြစ်ပါသည်။

၇။ စက်ရေတွင်းမှ ထွက်လာသည့် မြေအောက်ရေခိုအောင်းနေသော မြေအောက်ရေအောင်းလွှာ၏ အတိမ်၊ အနက်၊ အထူ၊ အပါး ရေခိုအောင်းနိုင်သည့် ပမာဏ၊ ရေစိမ့်တာနှုန်း၊ ရေဂါလန်မည်၍ မည်မျှကို ထုတ်ယူပါက မြေအောက်ရေမျက်နှာပြင် မည်၍မည်မျှနိမ့်ကျသွားနိုင်သည် စသည့်အချက်အလက်များကို စမ်းသပ်တွက်ချက်ထားခြင်းမရှိဘဲ အလွန်အကျွံ ရေထုတ်ယူသုံးစွဲနေခြင်းနှင့်အတူ ရေငန်၊ ဒီရေအတက်အကျရှိသည့် ရန်ကုန်မြစ်၊ ပန်းလှိုင်မြစ်၊ လှိုင်မြစ်၊ ငမိုးရိပ်ချောင်း၊

[3] ပြည်သူ့ လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ် ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ မှရယူထားခြင်းဖြစ်ပါသည်။

[4] ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှ ရယူထားခြင်းဖြစ်ပါသည်။

[5] ၂၀၁၉ ခုနှစ် ၊ ဒီဇင်ဘာလ ၂၀ ရက်နှင့် ၂၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့မှ ကောက်နုတ်ထားခြင်း ဖြစ်ပါသည်။

ပဲခူးမြစ်ဘေးအနီးအနားဝန်းကျင်ရှိ မြို့နယ်များတွင် မြေအောက်လွှာသို့ ရေငန်တိုးဝင်လာပြီး သောက်သုံးရန် မသင့်မှုများ ဖြစ်ပေါ်စေပါသည်။[6]

**မြေအောက်ရေကို အလွန်အကျွံထုတ်ယူခြင်း၏ဆိုးကျိုး**

၈။ မြို့ပြသို့ ရွှေ့ပြောင်းနေထိုင်မှု များပြားလာခြင်းနှင့်အတူ တိုက်တာအိမ်ရာဆောက်လုပ်မှုနှုန်း မြင့်မားလာခြင်းကြောင့် ရေချိုအရင်းအမြစ်များသို့ အငန်ဓာတ်စိမ့်ဝင်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ မြေအောက်ရေကို စနစ်တကျမစီမံနိုင်လျှင် မြေများကျွံဝင်ခြင်း၊ နိမ့်ကျခြင်းစသည့် အန္တရာယ်များ ရှိလာနိုင်ပါသည်။ မြေအောက်ရေကို ထိန်းထိန်းသိမ်းသိမ်း ထုတ်ယူသုံးစွဲမှုမရှိခြင်းက မြေအောက်ရေကုန်ခမ်းခြင်းသို့ ဖြစ်ပေါ်စေပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်နိုင်ပါသည်။ ထို့ပြင် လယ်ယာစိုက်ပျိုးမှုအတွက် အဝီစိတွင်းမှရေကို အလွန်အကျွံသုံးစွဲမှုကလည်း မြေအောက်ရေကုန်ခမ်းမှုဖြစ်ပေါ်နိုင်သကဲ့သို့ အရည်အသွေးမပြည့်မီသော ရေကိုသုံးစွဲခြင်းက စိုက်ပျိုးရေးကိုလည်း ထိခိုက်နိုင်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကဲ့သို့ အာဆင်းနစ် အဆိပ်အတောက် အန္တရာယ်၊ ဖလိုရိုက်ဓာတ်များ ရောနှောပါဝင်မှု အန္တရာယ်များရှိလာနိုင်ပါသည်။[7]

**ဥပဒေကြမ်းတွင်ပါရှိသည့် ပုဒ်မများအားလေ့လာခြင်း**

**၉။** အခန်း(၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်၏ ပုဒ်မ ၂(ခ)တွင် ရေလျှံတွင်းဆိုသည်မှာ စွမ်းအင်တစ်စုံတစ်ရာသုံးစွဲရန်မလိုအပ်ဘဲ သဘာဝအလျောက် ရေလျှံထွက်ရှိခြင်းကို ရည်ညွှန်းထားပါသည်။ သို့သော် ရေလျှံတွင်းဆိုသည့်အဓိပ္ပာယ်တွင် စက်ရေတွင်းဟုဆိုလိုသည်ဟု ဖော်ပြထားခြင်းသည် စကားရပ်အရ အဓိပ္ပာယ်ရောထွေးနေသည့် သဘောဆောင်ပါသည်။

၁၀။ ပုဒ်မ၂(ဒ) တွင် ဦးစီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဗဟိုကော်မတီကတာဝန်ပေးအပ်သည့် ဦးစီးဌာနကိုဆိုသည်ဟုဖော်ပြထားခြင်းသည် ဥပဒေက

[6] မြေအောက်ရေ စီမံခန့်ခွဲမှုဥပဒေကြမ်းနှင့် စက်ရေတွင်းရေသုံးစွဲသူများ၊ မောင်ကျေးရေ သတင်းဆောင်းပါး Sat, 01/11/2020 moi.gov.mm/?q=node/32817 မှ ရရှိပါသည်။

[7] Law drafted to save underground water Aye Sapay Phyu 06 Apr 2018 https://www.mmtimes.com/news/law-drafted-save-underground-water.html?__cf မှရရှိပါသည်။

အကောင်အထည်ဖော်မည့် ဦးစီးဌာနသည် မည်သည့်ဌာနဖြစ်သည်ကို တိတိကျကျ မသိရှိရခြင်း သဘောဖြစ်နေပါသည်။

၁၁။ အခန်း(၂) ရည်ရွယ်ချက်၌ ပုဒ်မ (၃) တွင် ရည်ရွယ်ချက်ကောင်းများ ဖော်ပြထားရာ ပုဒ်မ ၃(ခ) တွင် မြေအောက်ရေကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ စနစ်တကျသုံးစွဲခြင်း ပြုရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်နှင့် အသိပညာဖြန့်ဖြူးရန်ဟု ဖော်ပြထားသော်လည်း အသိပညာဖြန့်ဖြူးမှုကို ဖော်ဆောင်ရန်ပြဋ္ဌာန်းပုဒ်မအဖြစ် ဥပဒေကြမ်းတွင် မပါဝင်သည်ကို တွေ့ ရှိရပါသည်။ သို့သော် အခန်း(၃) ဗဟိုကော်မတီနှင့် လုပ်ငန်းအဖွဲ့အဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များတွင် ပုဒ်မ (၅)(ဂ) ၌ အသိပညာဖြန့်ဖြူးခြင်းဆိုသည့် စကားရပ်အနေဖြင့်သာ ပါဝင်သည်ကိုတွေ့ရှိရပါသည်။ အလားတူ ပုဒ်မ ၃(ဃ) တွင် မြေအောက်ရေ၏ ရေရှည်ထုတ်ယူ သုံးစွဲခြင်း၊ ရေအရည်အသွေးနှင့် ရေ၏သဘာဝစနစ် တည်တံ့စေရေးတို့ကို ထိန်းသိမ်းကာကွယ်ရန် ဟု ရည်ရွယ်ထားသော်လည်း ၎င်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်ကို ဥပဒေကြမ်းတွင်ပါဝင်ခြင်း မရှိပါ။

၁၂။ အခန်း(၃) ဗဟိုကော်မတီနှင့် လုပ်ငန်းအဖွဲ့အဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန် များတွင် ပုဒ်မ ၄(က) အရ အစိုးရအဖွဲ့သည် မြေအောက်ရေစီမံခန့်ခွဲမှု ဗဟိုကော်မတီကို ဖွဲ့စည်း ရမည်ဟု ဖော်ပြထားသော်လည်း အဆိုပါဗဟိုကော်မတီကို ဥပဒေပြဋ္ဌာန်းပြီး “မည်သည့်ကာလ အတွင်း ဖွဲ့စည်းရမည်ဟု ကာလသတ်မှတ်ချက်”ကို ဥပဒေကြမ်းတွင်ဖော်ပြမထားပါ။

၁၃။ ပုဒ်မ ၆ အရ ဗဟိုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းနိုင်သည်ကိုလည်းကောင်း၊ ပုဒ်မ ၇ အရ ဗဟိုကော်မတီသည်မြို့နယ်လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းနိုင်သည်ဟုလည်းကောင်း ဖော်ပြထားသော်လည်း အဆိုပါလုပ်ငန်းအဖွဲ့များကို ဗဟို ကော်မတီကြီးဖွဲ့စည်းပြီးနောက် “မည်သည့်ကာလအတွင်းဖွဲ့စည်းနိုင်သည်”ဟု ဥပဒေကြမ်းတွင် တိတိကျကျ ဖော်ပြထားခြင်းမရှိပါ။ ထိုကဲ့သို့ ကာလသတ်မှတ်၍ လုပ်ငန်းအဖွဲ့များကို သတ်မှတ် ကာလအတွင်း ဖွဲ့စည်းနိုင်ပါက အခန်း(၄) တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်တွင် ပုဒ်မ ၉ အရ

တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့် ရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မှု လုပ်ငန်းစဉ်ကို လွယ်ကူစေမည်ဖြစ်ပါသည်။

၁၄။ အခန်း (၆) သက်တမ်းတိုးလျှောက်ထားခြင်း၏ ပုဒ်မ ၁၄ (က) (ခ)တို့တွင် စက်ရေတွင်းကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်တူးဖော်ရန်နှင့် မပြီးစီးပါက သတ်မှတ်ကာလတိုးမြှင့်ပေးရန် တူးဖော်ခွင့်ပြုမိန့်ပေးသည့် လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်ဟု ရှင်းလင်းစွာ ဖော်ပြထားပါသည်။

၁၅။ သို့သော် ပုဒ်မ ၁၇ တွင်မူ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်လုပ်ငန်းအဖွဲ့ သည် "ပုဒ်မ ၁၄ အရ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို လက်ခံ ရရှိလျှင် ကွင်းဆင်းစစ်ဆေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း"၊ ......စသည့်စကားရပ်တို့၏ အဓိပ္ပာယ် သည် ပုဒ်မ ၁၄ (က)(ခ) အရ တူးဖော်သက်တမ်းတိုးမြှင့်ရန် လျှောက်ထားခြင်းသည် လိုင်စင် သက်တမ်းတိုးမြှင့်ရန် လျှောက်ထားသည့် အဓိပ္ပာယ်ဆောင်နေပါသည်။ ထို့ကြောင့် လုပ်ငန်း လိုင်စင်သက်တမ်းတိုးမြှင့်ခြင်းနှင့် စက်ရေတွင်းတူးဖော်သည့် ကာလသက်တမ်းတိုးမြှင့်ခြင်းတို့၏ အဓိပ္ပာယ် ရောထွေးနေသည့် သဘောဆောင်နေပါသည်။

၁၆။ အခန်း(၁၀) ပုဒ်မ ၃ တွင် ဗဟိုကော်မတီသည် စက်ရေတွင်းများတွင် မြေအောက်ရေထုတ် ယူသုံးစွဲမှု ပမာဏကို တိုင်းတာနိုင်ရန် သင့်လျော်သောရေမီတာစနစ်များတပ်ဆင်၍ ကြီးကြပ်ကွပ် ကဲဆောင်ရွက်သွားရမည်ဟု ဖော်ပြချက်သည် ရေထုတ်ယူသုံးစွဲမှုအပေါ် ရေမီတာတပ်ဆင်၍ အခွန်ကောက်ခံနိုင်မည့် သဘောဆောင်ပါသည်။[8]

**ဘဏ္ဍာရေးဆိုင်ရာအကျိုးသက်ရောက်မှုများ**

၁၇။ ဤဥပဒေကြမ်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘဏ္ဍာငွေကုန်ကျနိုင်သည့် ပြဋ္ဌာန်းချက်များအနေဖြင့် ပုဒ်မ ၅(ခ)နှင့် (ဂ) တို့တွင် မြေအောက်ရေနှင့်စပ်လျဉ်းသည့် အချက် အလက်များစုဆောင်းခြင်း၊ မှတ်တမ်းပြုခြင်း၊ သုတေသနပြုခြင်း၊ ကြီးကြပ်ခြင်း၊ အချိန်နှင့်

[8] မြေအောက်ရေစီမံခန့်ခွဲမှု ဥပဒေမူကြမ်းမှ ကောက်နုတ်ထားခြင်းဖြစ်ပါသည်။

တပြေးညီစောင့်ကြည့် ကွပ်ကဲရေးစနစ်ထားရှိခြင်းနှင့် အသိပညာဖြန့်ဖြူးခြင်းတို့အတွက် အသုံးစရိတ် (ဘဏ္ဍာငွေ) ကိုကုန်ကျနိုင်ပါသည်။

၁၈။ ဤဥပဒေကိုအကောင်အထည်ဖော်ပါက အခန်း(၄) ပုဒ်မ ၉အရ တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့် လျှောက်ထားခြင်းဖြင့် လည်းကောင်း၊ အခန်း (၅) ပုဒ်မ ၁၂ (က) (ခ) အရ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းဖြင့်လည်းကောင်း၊ ဘဏ္ဍာရန်ပုံငွေကို နိုင်ငံတော်ကဝင်ငွေ အဖြစ်ရရှိနိုင်မည်ဖြစ်ပါသည်။[9]

၁၉။ ဤဥပဒေသည် မြန်မာနိုင်ငံအတွက် မရှိမဖြစ် လိုအပ်သော ဥပဒေဖြစ်ပါသည်။ ယခုအခါ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများသည် မကြာခဏ ဖြစ်ပျက်နေခြင်းကြောင့် တည်ရှိနေသည့် မြေပေါ်၊ မြေအောက် ရေအရင်းအမြစ်များကို အစဉ်သန့်စင်တည်ရှိရန် အရေးကြီးသည့် ကာလဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်နိုင်ငံများတွင် လွန်ခဲ့သောနှစ် ၄၀ ကျော်ကတည်းက မြေအောက်ရေဥပဒေပြဋ္ဌာန်းပြီး စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ထုတ်ယူအသုံးပြုလျက်ရှိပါသည်။ ထို့ကြောင့်စနစ်တကျ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ မြေအောက်ရေကို ထုတ်ယူသုံးစွဲနိုင်ရန် မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရန်အတွက် ကြိုဆိုရမည်ဖြစ်ပါသည်။[10]

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**ဤစာတမ်းတိုအား ဒေါ်ဆွေနွယ်ဝင်း (လက်ထောက်ညွှန်ကြားရေးမှူး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

[9] မြေအောက်ရေစီမံခန့်ခွဲမှု ဥပဒေမူကြမ်းမှ ကောက်နုတ်ထားခြင်းဖြစ်ပါသည်။

[10] မြေအောက်ရေ စီမံခန့်ခွဲမှုဥပဒေကြမ်းနှင့် စက်ရေတွင်းရေသုံးစွဲသူများ၊ မောင်ကျေးရေ သတင်းဆောင်းပါး Sat,01/11/2020 moi.gov.mm/?q=node/32817 မှ ရရှိပါသည်။

## သတိပြုရန်

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅